
ရွန်းရပိမိုး
ရင်ပျိုးမြစ်
L လင်း

## အခန်း (၁)

"ဟေး ... စာထွက်တယ်ကွာ၊ Board မှာ စာကပ်ထားတာ တွေ့တယ်
"

စွာကျယ်ဟု နာမည်ပြောင်ခေါ်သော မမခင်၏ အသံကျယ်ကြီးက ရုံးခန်းကျယ်ကြီးထဲမှာ ပဲ့တင်သံ ထွက်လာသည် ။

ရုံးခန်းထဲရှိ ဝန်ထမ်းတွေအားလုံး ခေါင်းထောင်လာသည် ။

"ဒီအချိန်ကပ်တဲ့ စာ ဆိုရင်တော့ ရုံးပိတ်ရက်ကြော်ငြာတဲ့ စာပဲ ဖြစ်မှာ ပေါ့ကွာ၊ သင်္ကြန် ဘယ်နှရက် ပိတ်တယ်ပဲ နေမှာ ပေါ့"

"အစိုးရရုံးပိတ်ရက်အတိုင်း ဆိုရင်တော့ ဆယ်ရက်ပိတ်မှာ ဟ"

"အေး ... ဟုတ်တယ်၊ ဆယ်ရက်တော့ အနည်းလေးပဲ၊ ငါတို့ ခရီးထွက်ချင်နေတာ အတော်ပဲ"

တစ်ယောက်တစ်ယောက် ထင်မြင်ချက်မျိုးစုံပေးပြီး Board နားကို အသီးသီး ရောက်သွားချိန်မှာ တော့ ထုံးစံအတိုင်း ထုံးစံမပျက် မမခင်၏ အသံကြီးက အရင်ထိုးထွက်လာသည် ။

"ဟယ် ... တို့ Company က ဒီနှစ် မဏ္ဍပ်ထိုးမယ်တဲ့ တော့၊ ပျော်စရာကြီး"

"ဟာ ... ဟုတ်လား"

"ဟုတ်တယ်၊ ဒီမှာ တောင် မဟုတ်ဘူး နော်၊ မန္တလေးမှာ သွားထိုးမှာတဲ့ "

ကြားလိုက်ရသော စကားက ကျွန်တော့်နားထဲ စကေဘာနှင့် ထိုးသွင်းလိုက်သလား အောက်မေ့ရသလို၊ ရင်ဘတ်ထဲမှာ လည်း ထိုးအောင့်သွားသလို ခံစားလိုက်ရပါသည် ။

မန္တလေးသင်္ကြန်။

ဟုတ်တယ်၊ အဲဒီစကားလုံးကို ကျွန်တော် မကြားချင်ဘူး၊ မကြားချင်လို့ မကြားချင်ယောင်ဆောင်ခဲ့တာလည်း နှစ်နှစ်တိတိ ရှိသွားပြီ။ ခုတော့ မထင်မှတ်ပါဘဲ သုံးနှစ်မြောက်မှာ ဒီအသံကို ကျွန်တော် တစ်ဖန်ကြားရပြန်ပြီရော။

ရယ်စရာကောင်းတာ တစ်ခုက မန္တလေးသင်္ကြန်ကို မသိချင်ယောင်ဆောင် မခေါ်မပြောနိုင်တဲ့ ကျွန်တော်က မန္တလေးမှာ မွေးပြီး မန္တလေးမှာ ပဲ ကြီးလာတဲ့ မန္တလေးသားစစ်စစ်။

ထိုမန္တလေးသားကို ရန်ကုန်ရေမြေရောက်စေခဲ့တာကလည်း မန္တလေးသင်္ကြန်ပဲလေ။

ခုတော့ နင့်ထိုက်နဲ့ နင့်ကံ နေရစ်ခဲ့တော့ မန္တလေးသင်္ကြန်ရေ။

"ဟား ဟား ... ဥက္ကာရေ၊ အရက်မသောက်တတ်တဲ့ မင်း အရက်နံ့တောင် မခံနိုင်တဲ့ မင်းကို ဘားကောင်တာမှာ တာဝန်ချထားတယ် ဆရာရေ"

"ဗျာ"

"မဗျာနဲ့ မောင်ရေ၊ ဒီမှာ တာဝန်တွေကိုယ်စီ ပေးခံထားရတယ်ကွ"

"ဟာ .... ကျွန်တော် မလိုက်ဘူး"

"ဟ ... ဘယ့်နှယ် ရွှေမင်းသားတုန်းကွ၊ မန္တလေးသင်္ကြန်ကို မန္တလေးသားက မလိုက်ဘူးရယ်လို့ "

"တကယ်ပါ ကိုသောင်းရာ၊ ကျွန်တော် မလိုက်ပါရစေနဲ့ ဗျာ"

"ဇကေန္တတော့ ရင်နာစရာတွေ ရှိထားပြီထင်ပ့ါ"

"သေချာတာပေ့ါဗျာ၊ မန်းသင်္ကြန်ဆိုတာ ကျွန်တော့်ကို ရှင်လျက်နဲ့ သေအောင် ရိုက်သတ်ခံရတဲ့ နေရာပဲဗျာ၊ ဒီတစ်သက်တော့ မန်းသင်္ကြန်ဆိုတာကို ရင်ဆိုင်ဖို့ ဝေးလို့ အသံတောင် မကြားချင်တဲ့ သူပါဗျာ"

မန္တလေးမှာ သင်္ကြန်သွားလုပ်မည်ဆို၍ သူများ တွေ ပျော်ရွှင်မြူးထူးနေသလောက် ဥက္ကာနိုင် တစ်ယောက်မှာ တော့ ဒီအသံ ဒီသင်္ကြန်နဲ့ ဝေးရာဆီသို့သာ ထွက်ပြေးချင်နေတော့သည် ကွယ်။ သို့သော်လည်း ပေ့ါ ...

သူ့ဆန်စားပြီး ရဲရမည့် ဝန်ထမ်းဘဝ မဟုတ်လား။

"ဥက္ကာ ... MD ခေါ်နေတယ်"

နောက်နေ့မနက် ရုံးရောက်ရောက်ချင်း မမခင်က လာပြောသဖြင့် ခြေလှမ်းတွေကို MD အခန်းဘက်ဆီသို့ ဦးတည်လိုက်သည် ။

"ဒေါက် ... ဒေါက်"

"ဥက္ကာနိုင်ပါ MD"

"ဝင်ခဲ့ ဥက္ကာနိုင်"

MD အခန်းထဲရောက်တော့ MD ဖုန်းပြောနေတာကို စောင့်ရသေးသည် ။ ဖုန်းပြောပြီးမှ မတ်တတ်ဖြစ်နေသော သူ့ကို သတိထားမိပုံဖြင့် ...

"ထိုင်ပါ ... ထိုင်ပါ ... ဥက္ကာနိုင်"

သူ ဝင်ထိုင်ပြီးတော့မှ MD က စကားဆက်သည် ။

“ဥက္ကာနိုင်က မန္တလေးသားနော်”

“ဟုတ်ကဲ့”

“ကိုယ်တို့ ဒီနှစ် မန္တလေးမှာ သင်္ကြန်မဏ္ဍပ် သွားထိုးမယ် ဥက္ကာနိုင်”

“ဟုတ်ကဲ့”

“အဲဒါ ဥက္ကာနိုင်ရဲ့ အကူအညီ ရလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ မဏ္ဍပ်ကိစ္စကတော့ မန္တလေးရုံးခွဲကပဲ စီစဉ်ထားလိမ့်မယ်၊ ဒါပေမဲ့ ဥက္ကာနိုင်ကတော့ သင်္ကြန်မတိုင်ခင်တည်းက ကြိုသွားရလိမ့်မယ်”

“MD”

“ပြောပါ ဥက္ကာနိုင်”

“ကျွန်တော် မသွားလို့ မရဘူးလား”

“ဘာဖြစ်လို့ လဲ ဥက္ကာနိုင်”

“ကျွန်တော့်မှာ သင်္ကြန်နဲ့ ပတ်သက်တဲ့ အကြောင်း ရှိဖူးလို့ ပါ”

“ကိုယ်တို့ မန္တလေးသင်္ကြန်သွားလုပ်တာ အပျော်ဆိုတာထက် ကိုယ်တို့ ကုမ္ပဏီကထုတ်တဲ့ Products တွေကို ကြော်ငြာချင်တာက ပိုတယ် ဥက္ကာနိုင်၊ ဒါ အလုပ်သဘော အများကြီးပါတယ်လေ၊ ဥက္ကာနိုင်အနေနဲ့ ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကိစ္စကို ခွဲထားစေချင်တယ်၊ ပြီးတော့ ကိုယ်တစ်ခုပြောချင်တယ် ဥက္ကာနိုင်၊ လောကမှာ လူမှုရေးပြဿနာတွေကပဲ လူကို ပြန်သတ်သွားတာများ တယ်၊ အဲဒီတော့ လူမှုရေးပြဿနာတွေကို အတတ်နိုင်ဆုံး ရင်ဆိုင်ဖြေရှင်းလိုက်သင့်တယ်၊ မန္တလေးသင်္ကြန်ကို ရင်မဆိုင်ချင်တဲ့ ဥက္ကာနိုင်ရဲ့ စိတ်ကို မန္တလေးသင်္ကြန်ကို သွားခြင်းဖြင့် ကုစား

လိုက်စမ်းပါ ဥက္ကာနိုင်၊ အဆင်ပြေသွားမှာ ပါ”

သူဌေးပီပီ သူခိုင်းလို့ ရရေးဘက်ကိုပဲ ဦးတည်ပြောနေတာပေ့ါကွယ်၊ ဥက္ကာရင်ထဲမှာ တော့ မဖြစ်မနေ သွားရတော့မှာ ကိုသိပြီး နေဆယ်စင်း အပြိုင်ပြင်းနေကြပြီရော။

“ပြီးတော့ ကိုယ် တစ်ခု အကြံပေးမယ် ဥက္ကာနိုင်၊ လူမှုရေး ပြဿနာတွေကို ရှောင်လွှဲပြီး သွားနေရင် ဘဝရဲ့ ပန်းတိုင်ကိုရောက်ဖို့ ခက်ခဲတတ်တယ်”

သူ့စိတ်ထဲမှာ တော့ ...

“ရှင်လျက် သေနေခဲ့တဲ့ ကျွန်တော့်ဘဝမှာ ပန်းတိုင်ဆိုတာ မရှိတော့ပါဘူး MD”

ဟူ၍ သာ။

MD က သူ့ကို တစ်ချက်အကဲခတ်ကာ ဆက်ပြောသည် ။

“ဒီမဏ္ဍပ်သွားထိုးတာဟာ ကိုယ့် Brand ကို သွားကြော်ငြာတာဖြစ်တဲ့ အတွက် ကြော်ငြာ တာဝန်ခံဖြစ်တဲ့ ဥက္ကာနိုင်လိုက်သင့်တယ်”

“ကျွန်တော် လိုက်မှာ ပါ MD”

“ကိုယ် မျှော်လင့်ထားပြီးသားပါ ဥက္ကာနိုင်၊ ကဲ ... ဥက္ကာနိုင် စီစဉ်စရာရှိတာတွေ စီစဉ်တော့၊ ဩော် ... ရန်ကုန်က စာနယ်ဇင်းသမားတွေကို ဖိတ်သွားဖို့ မမေ့နဲ့ ဦးနော်၊ ငွေကို လိုသလောက် Casher မှာ ထုတ်ပါ”

*